
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

# မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး

ကျော်ဆွေလင်း

ညွှန်ကြားရေးမှူးချုပ်




# ဆွေးနွေးမည့် အကြောင်းအရာများ

- ❖ မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု သမိုင်းမှတ်တိုင်များ
- ❖ မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ
  - ○ အနှစ် (၄၀)ပေါ် အခြေခံ၍ စပါးထွက်ရှိမှုခန့်မှန်းတွက်ချက်ခြင်း
  - ○ ဂေဟစနစ်အလိုက် စပါးစိုက်ပျိုးမှုဧရိယာနှင့် ပါဝင်မှု
- ❖ မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာ
- ❖ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်

# မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု သမိုင်းမှတ်တိုင်များ

**ပျူခေတ်**
ဘီစီ ၂ ရာစု





**ပုဂံခေတ်**
အေဒီ ၁၀၄၄



ကင်းတာ၊
ငနိုင်သော်၊
ပြောင်းပြား၊
ကျူးမည်း၊
နှားတက်၊
ငပြောင်၊
ကွမ်းဆေး

ငါ၏ ယာလက်ဖြင့်
ဆန်စပါးရိက္ခာကို ပေးအံ့၊
ငါ၏ဝဲလက်ဖြင့် ဝတ်စား
တန်ဆာကို ပေးအံ့

**၁၈၅၉**
ပထမ
ဦးဆုံး
ဆန်စက်
(ပုသိမ်)

**၁၈၇၆**
မြေနှင့်
အခွန်
တော်
ဥပဒေ

**၁၉၂၁-၄၁**
ဆန်တင်ပို့
မှု အများ
ဆုံး

**၁၉၄၅**
လယ်ယာ
စိုက်ပျိုး
ရေး
စီမံကိန်း
အဖွဲ့

**၁၉၄၇**
နိုင်ငံတော်
ကောက်ပဲ
သီးနှံ
ရောင်း
ဝယ်ရေး
အဖွဲ့

**ပါလီမန်**
**၁၉၄၈-၅၀**
လယ်ယာ
မြေ နှစ်နှစ်
စီမံကိန်း

**၁၉၅၃**
ဗဟို
လယ်ယာ
မြေ
နိုင်ငံပိုင်
ပြုလုပ်ရေး
အဖွဲ့

**၁၉၅၆-၆၅**
ပြည်တော်
သာ
စီမံကိန်း

**၁၉၆၃**
သီးစား
ချထားရေး
ဥပဒေ၊
တောင်သူ
လယ်
သမား
အခွင့်အ
ရေး
ကာကွယ်

**၁၉၆၉**
ပြည်သူ့
တောင်သူ
လယ်
သမား
ကောင်စီ

**၁၉၈၈**
စပါး
တစ်ကေ
၁၂
တင်းနှုန်း
ဖြင့်
အစိုးရသို့
ရောင်းချ

**၂၀၀၃-၀၄**
လွတ်
လပ်စွာ
ရောင်း
ဝယ်ခွင့်
ပေး

**၂၀၁၃**
တောင်သူ
လယ်
သမား
အခွင့်အ
ရေးကာကွ
ယ် ရေးနှင့်
အကျိုး
စီးပွား
ကာကွယ်
ရေး ဥပဒေ


**၂၀၁၈**
စပါး
အခြေခံ
ဈေးနှုန်း
သတ်မှတ်
ခြင်း

Source: Rice in Myanmar, 2004

# မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ

- စပါးသီးနှံသည် နိုင်ငံတော်၏ အဓိကစားနပ်ရိက္ခာဖြစ်ပြီး အာဆီယံဒေသအတွင်း ဆန်စားသုံးမှု အမြင့်ဆုံး နိုင်ငံလည်းဖြစ်သောကြောင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ စားသုံးမှုဖူလုံရန်နှင့် ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရန် ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။
- စပါးသီးနှံကို စုစုပေါင်းသီးနှံစိုက်ဧရိယာ၏ (၄၃%) စိုက်ပျိုးလျက်ရှိပါသည်။
- မြန်မာနိုင်ငံတွင် စပါးသီးနှံကို မိုးရာသီ၌ ဧက(၁၅) သန်းခန့်နှင့် နွေရာသီတွင် ဧက(၂) သန်းကျော်၊ စုစုပေါင်း စပါးစိုက်ပျိုးဧရိယာဧက(၁၇)သန်းခန့် နှစ်စဉ် စိုက်ပျိုးလျှက်ရှိပါသည်။
- ၂၀၂၀-၂၁ ခုနှစ်တွင် ပြည်ပတင်ပို့မှု ဆန်တန်ချိန် (၁.၉) သန်းနှင့် အမေရိကန်ဒေါ်လာ (၇၀၀.၁၃) သန်း ရရှိခဲ့သည်။

# ကမ္ဘာ့ဆန်စားသုံးမှု အခြေအနေ





**Source : USDA Foreign Agricultural Service, 2008-2021**

# စပါးစိုက်ဧရိယာနှင့် ထုတ်လုပ်မှုအခြေအနေ




Source: Myanmar Agriculture at a Glance, 2021

# အနှစ် ၄၀ ပေါ် အခြေခံ၍ စပါးထွက်ရှိမှု ခန့်မှန်းတွက်ချက်ခြင်း



# ဂေဟစနစ်အလိုက် စပါးစိုက်ပျိုးမှုဧရိယာနှင့် ပါဝင်မှု

| ရေတော်မိုးတော် | ဆည်ရေသောက် | မိုးကောင်းသောက် | ရေကြီးကွင်း | ရေနက်ကွင်း | တောင်ယာ |
|---|---|---|---|---|---|
|  |  |  |  |  |  |
| ၇၂၀၃၈၆၅ ကေ | ၃၀၀၁၆၁၁ ကေ | ၁၈၀၀၉၆၆ ကေ | ၁၈၀၀၉၆၆ ကေ | ၇၅၀၄၀၃ ကေ | ၄၅၀၂၄၂ ကေ |
| ၄၈ % | ၂၀ % | ၁၂ % | ၁၂ % | ၅ % | ၃ % |


Source: Department of Agriculture

# စိုက်ပျိုးရေရရှိမှုနှင့် စပါးမျိုးအလိုက် စိုက်ဧရိယာများ


| ၂၀၂၁-၂၀၂၂ | ရေရရှိမှုပေါ်မူတည်၍ စိုက်ဧရိယာ (%) | | စပါးမျိုး အရေအတွက် | စပါးမျိုးပေါ်မူတည်၍ စိုက်ဧရိယာ (%) | | | |
|---|---|---|---|---|---|---|---|
| | သွင်းရေ | မိုးရေ | | စပ်မျိုး | အထွက်ကောင်းမျိုး | အရည်အသွေးကောင်းမျိုး | ဒေသမျိုး |
| မိုးစပါး | ၁၂.၅၃ | ၈၇.၄၇ | | ၀.၃၀ | ၅၃.၇၈ | ၂၇.၃၀ | ၁၈.၆၂ |
| နွေစပါး | ၈၄.၂၃ | ၁၅.၇၇ | ၅၃ | ၁.၅၄ | ၉၃.၆၁ | ၂.၁၇ | ၂.၆၈ |

Source: Department of Agriculture

## ၂၀၂၁-၂၀၂၂ ခုနှစ်၊ စိုက်စနစ်အရ မိုးစပါးစိုက်ပျိုးဧက




## ၂၀၂၁-၂၀၂၂ ခုနှစ်၊ စိုက်စနစ်အရ နွေစပါးစိုက်ပျိုးဧက



# ပြည်တွင်းဆန်ဖူလုံမှုနှင့် သုံးစွဲပိုလျှံမှုအခြေအနေ

| စဉ် | ခုနှစ် | စပါးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ | | | | စပါး အထွက် (တန်သန်း) | စားသုံးမှုအတွက် စပါး လိုအပ်ချက် (တန်သန်း) | မျိုးစပါး လိုအပ်ချက် (တန်သန်း) | အလေအလွင့် စပါး (တန်သန်း) | စပါးသုံးစွဲမှု (စားသုံးမှု+ မျိုး+ အလေအလွင့်) (တန်သန်း) | စပါး ဖူလုံမှု (%) | စပါး ပိုလျှံမှု (တန်သန်း) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | စိုက် (ကေသန်း) | ရိတ် (ကေသန်း) | အထွက်နှုန်း (တင်း/ကေ) | အထွက် (တင်းသန်း) | | | | | | | |
| ၁ | ၂၀၁၁-၂၀၁၂ | ၁၈.၇၆၂ | ၁၈.၆၉၈ | ၇၄.၃၆ | ၁၃၉၀.၃၄၆ | ၂၈.၅၅၂ | ၁၄.၈၉၄ | ၀.၇၇၁ | ၁.၁၅၆ | ၁၆.၈၂ | ၁၆၉.၇၅ | ၁၁.၇၃ |
| ၂ | ၂၀၁၂-၂၀၁၃ | ၁၇.၈၉၃ | ၁၇.၈၁၀ | ၇၄.၅၅ | ၁၃၂၇.၇၄၃ | ၂၇.၂၆၆ | ၁၂.၄၈၆ | ၀.၇၃၅ | ၁.၁၀၂ | ၁၄.၃၂၃ | ၁၉၀.၃၇ | ၁၂.၉၄ |
| ၃ | ၂၀၁၃-၂၀၁၄ | ၁၇.၉၉၉ | ၁၇.၉၄၉ | ၇၅.၆၃ | ၁၃၅၇.၃၈၆ | ၂၇.၈၇၅ | ၁၂.၆၁၃ | ၀.၇၃၉ | ၁.၁၀၉ | ၁၄.၄၆၂ | ၁၉၂.၇၅ | ၁၃.၄၁ |
| ၄ | ၂၀၁၄-၂၀၁၅ | ၁၇.၇၂၂ | ၁၇.၆၇၄ | ၇၆.၄၅ | ၁၃၅၁.၁၉၈ | ၂၇.၇၄၈ | ၁၂.၈၁၂ | ၀.၇၂၈ | ၁.၀၉၂ | ၁၄.၆၃၂ | ၁၈၉.၆၄ | ၁၃.၁၂ |
| ၅ | ၂၀၁၅-၂၀၁၆ | ၁၇.၈၂၁ | ၁၇.၅၄၀ | ၇၇.၀၈ | ၁၃၅၁.၉၇၅ | ၂၇.၇၆၄ | ၁၂.၉၂၅ | ၀.၇၃၂ | ၁.၀၉၈ | ၁၄.၇၅၅ | ၁၈၈.၁၆ | ၁၃.၀၁ |
| ၆ | ၂၀၁၆-၂၀၁၇ | ၁၇.၆၉၆ | ၁၇.၄၅၃ | ၇၆.၀၅ | ၁၃၂၇.၂၃၁ | ၂၇.၂၅၆ | ၁၃.၀၄၀ | ၀.၇၂၇ | ၁.၀၉၀ | ၁၄.၈၅၇ | ၁၈၃.၄၅ | ၁၂.၄၀ |
| ၇ | ၂၀၁၇-၂၀၁၈ | ၁၇.၉၃၀ | ၁၇.၇၁၄ | ၇၆.၀၀ | ၁၃၄၆.၃၃၁ | ၂၇.၆၄၈ | ၁၃.၁၅၆ | ၀.၇၃၆ | ၁.၁၀၅ | ၁၄.၉၉၇ | ၁၈၄.၃၅ | ၁၂.၆၅ |
| ၈ | ၂၀၁၈-၂၀၁၉ | ၁၇.၈၆၁ | ၁၇.၆၆၆ | ၇၆.၀၀ | ၁၃၄၂.၇၁၅ | ၂၇.၅၇၄ | ၁၃.၂၇၃ | ၀.၇၃၄ | ၁.၁၀၀ | ၁၅.၁၀၇ | ၁၈၂.၅၂ | ၁၂.၄၇ |
| ၉ | ၂၀၁၉-၂၀၂၀ | ၁၇.၃၀၇ | ၁၇.၁၀၂ | ၇၄.၈၀ | ၁၂၇၉.၂၂၇ | ၂၆.၂၇၀ | ၁၃.၅၅၄ | ၀.၇၁၁ | ၁.၀၆၆ | ၁၅.၃၃၁ | ၁၇၁.၃၆ | ၁၀.၉၄ |
| ၁၀ | ၂၀၂၀-၂၀၂၁ | ၁၇.၂၀၃ | ၁၆.၈၇၇ | ၇၄.၉၇ | ၁၂၆၅.၂၄၅ | ၂၅.၉၈၃ | ၁၂.၉၂၅ | ၀.၇၀၇ | ၁.၀၆၀ | ၁၄.၆၉၂ | ၁၇၆.၈၅ | ၁၁.၂၉ |

(က)လူဦးရေကို Myanmar Agriculture at a Glance (DOP)မှ ရယူတွက်ချက်ထားပါသည်။


(ခ)မျိုးစပါးတစ်ကေ(၂)တင်းနှုန်း

(ဂ)စပါးအလေအလွင့် တစ်ကေ(၃)တင်းနှုန်း

(ဃ)စားသုံးမှုကို လူတစ်ဦးတစ်နှစ်လျှင် (၁၅၅)ကီလိုဂရမ်/၁၂ တင်း နှုန်း

(င)စပါးတန် (၁၀၀)လျှင်ဆန်(၆၃.၁၂)တန်/စပါးတင်း ၁၀၀ လျှင်ဆန် ၃၈.၇၁)တင်း)နှုန်း

# ၅ နှစ် အမျိုးသားစီမံကိန်းအရ လျာထား စပါးအထွက်နှုန်းများ




Source: ၅ နှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်

| သီးနှံအမည် | ယခင်ပန်းတိုင်အထွက်နှုန်း | ပြောင်းလဲလျာထားသင့်သည့် ပန်းတိုင်အထွက်နှုန်း |
|---|---|---|
| စပါး (တင်း/ဧက) | ၁၀၀ | ၁၀၀ (မိုး)<br>၁၁၀ (နွေ) |

# မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာ (MRSDS)၏ ရည်မှန်းချက်များ

- ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းခြင်း၊ ပြောင်းလဲနိုင်သည့်အင်အား၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့နိုင်ခြင်းနှင့် ဆန်စပါးကဏ္ဍသည် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ခြင်းအားဖြင့် စီးပွားရေးအရ အကျိုးရလဒ်များကိုရရှိပြီး တောင်သူလယ်သမားများနှင့် စားသုံးသူများ စားနပ်ရိက္ခာဖူလုံမှုကို ပံ့ပိုးပေးရန်
- ပြည်သူလူထုအားလုံး စားနပ်ရိက္ခာဖူလုံစွာ ရရှိရန်နှင့် ကျေးလက်ဒေသရှိ လုပ်ကွက်ငယ်တောင်သူအိမ်ထောင်စုများသည် စပါးနှင့် စပါးအခြေပြု လယ်ယာလုပ်ငန်းများမှ ရရှိသောဝင်ငွေများ သုံးဆတိုးရန်အတွက်နှင့် မြို့ပြတွင်နေထိုင်သူများနည်းတူ ဂုဏ်သိက္ခာရှိသည့် နေထိုင်မှုအဆင့်အတန်းများ ရရှိခံစားရန်
- ပြည်ပတင်ပို့ရန်နှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ဆန်စပါးအထွက်နှုန်းကိုမြှင့်တင်ရန်

## ၂၀၃၀-၃၁ ခုနှစ်တွင် စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဆန်ပိုလျှံမှု (MRSDS ခန့်မှန်း)

| ခုနှစ် | စိုက်ဧရိယာ* (ဟက်တာ သန်းပေါင်း) | တစ်ဟက်တာ အထွက်နှုန်း* (မက်ထရစ်တန်) | စပါးထုတ်လုပ်မှု (မက်ထရစ်တန် သန်းပေါင်း) | လူဦးရေ (သန်း) | ဆန်စားသုံးမှု (မက်ထရစ် တန် သန်းပေါင်း) | မျိုးစေ့နှင့် ဆန်ဆုံးရှုံးမှု (မက်ထရစ်တန် သန်းပေါင်း) | ဆန် ပိုလျှံမှု (မက်ထရစ်တန် သန်းပေါင်း) |
|---|---|---|---|---|---|---|---|
| ၂၀၁၂-၁၃ | ၇.၂၄ | ၃.၈၄ | ၂၇.၇၀ (၁၆.၆၂)** | ၅၀.၉၂ | ၈.၉၁ | ၁.၁၁ | ၆.၅၉ |
| ၂၀၂၀-၂၁ | ၇.၅၉ | ၃.၉၀ | ၂၉.၆၀ (၁၇.၇၈)** | ၅၅.၀၃ | ၉.၄၁ | ၁.၁၅ | ၇.၂၂ |
| ၂၀၃၀-၃၁ | ၇.၇၀ | ၄.၂၀ | ၃၂.၃၄ (၁၉.၄၀)** | ၆၀.၆၇ | ၁၀.၁၃ | ၁.၁၅ | ၈.၁၂ |

Source: Myanmar Rice Sector Development Strategy, 2015

* လေ့လာမှုများအရ ၂၀၁၀-၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် စပါးစိုက်ဧရိယာမှာ ကျဆင်းလာခဲ့သည်။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုမှာ နည်းပါးပြီး နောက်ပိုင်းတွင် ဆက်လက်၍ ကျဆင်းနိုင်သည်။

** ဆန်ချော

# မြန်မာနိုင်ငံ၏ စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာ၏ အရေးကြီးသည့်သော့ချက် ၁၀ ချက်

(၁) ဆန်စပါးထုတ်လုပ်မှုစွမ်းအား ရေရှည်တိုးတက်ခြင်း

(၂) စက်မှုလယ်ယာကူးပြောင်းခြင်း

(၃) ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ခြင်း

(၄) သဘာဝအရင်းအမြစ်များကို ထိရောက်စွာနှင့် ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်း

(၅) ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများကို လျှော့ချခြင်း

(၆) ဈေးငွေရရှိနိုင်မှုကို တိုးမြှင့်ခြင်း

(၇) စွမ်းဆောင်ရည်မြှင့်တင်ခြင်း

(၈) စိုက်ပျိုးရေးတွင် ရင်းနှီးမြုပ်နှံမှုများ တိုးမြှင့်ခြင်း

(၉) ဆန်စပါးထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတွင် အရည်အသွေးထိန်းသိမ်းမှုနှင့် ဘေးကင်းလုံခြုံမှု

(၁၀) ဆန်စပါးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း

# ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်

## ၁။ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးခြင်း

- ❖ စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ပျိုးဧရိယာတိုးချဲ့ရန်မှာ အခက်အခဲ၊ အကန့်အသတ် များစွာရှိနေသဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို အလေးထား ဆောင်ရွက်ရမည် ဖြစ်ပါသည်။
- ❖ စပါးတစ်ဧက အထွက်နှုန်း သိသိသာသာ တိုးတက်စေနိုင်မည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ လိုက်နာကျင့်သုံးစေလျက် မိုးစပါး တစ်ဧကအထွက်နှုန်း တင်း(၁၀၀) ကျော်နှင့် နွေစပါးအထွက်နှုန်း တစ်ဧက တင်း(၁၂၀)ကျော် ရရှိရေးအတွက် စီမံချက်များရေးဆွဲ၍ စံပြကွက်များ စိုက်ပျိုးပြသ၍ တောင်သူများ လိုက်နာကျင့်သုံးရေး ဆောင်ရွက်လျက်ရှိပါသည်။
- ❖ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း RS-CS မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ် မိုးစပါး စိုက်ဧက (၆၀၀၀၀) ကျော်ရှိပြီး အထွက်တင်း (၅.၁) သန်းကျော်၊ နွေစပါး စိုက်ဧက (၇၀၀၀၀) ကျော်ရှိပြီး အထွက်တင်း (၀.၇) သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၂-၂၃ ခုနှစ်အတွက် မိုးစပါး စိုက်ဧက (၆၀၀၀၀) ကျော် စိုက်ပျိုးထားရှိပါသည်။ မျိုးစေ့ထုတ်တောင်သူနှင့် ပုဂ္ဂလိကပိုင်အနေဖြင့် မျိုးသန့်မျိုးစေ့ ၄၆၀၃၂ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၁၆၆၃၅ ဧက စိုက်ပျိုးပြီး ဖြစ်ပါသည်။
- ❖ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးစပါးအတွက် တစ်ကွင်းတစ်ဆက်တည်း ဧက(၁၀၀) တင်း(၁၀၀) ထွက်ရှိရေး စံပြကွက်များကို တိုင်းဒေသကြီး/ ပြည်နယ် (၁၁)ခုရှိ မြို့နယ်ပေါင်း (၁၁)မြို့နယ်တွင် စိုက်ပျိုးပြသခဲ့ပြီး နွေစပါးတွင်လည်း တင်း(၁၂၀)နှင့် အထက် ထွက်ရှိရေး အကွက်ကျယ်စံပြကွက်များကို ဆောင်ရွက်ခဲ့ရာ၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင်လည်း တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## ၂။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အကျိုးတူလယ်ယာစနစ် နှစ်ပေါင်း ၈.၅ ဦးတည် ဆောင်ရွက်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး စသည့် ဒေသ(၇)ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထား၍ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

- ❖ စပါးစိုက်ပျိုးထုတ်လုပ်သူများအတွက် ထွက်ရှိသည့် သီးနှံများ၏ ဈေးနှုန်းနှင့် ဈေးကွက်သေချာခြင်း
- ❖ သွင်းအားစု ရင်းနှီးမြှုပ်နှံမှုများ ထည့်သွင်း အသုံးပြုခြင်းဖြင့် အထွက်နှုန်းနှင့် ဝင်ငွေတိုးတက်ရရှိခြင်း
- ❖ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခြင်း
- ❖ ဝယ်ယူသူများအတွက် အရည်အသွေးတူ သီးနှံများကို တစ်နေရာ တည်းတွင် ဝယ်ယူရရှိခြင်း

## ၃။ ကြိတ်ခွဲခြင်းနှင့် တန်ဘိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ၌ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု အားပေးခြင်း

- ❖ စပါးမှထွက်ရှိလာသော ဘေးထွက်ပစ္စည်းများမှ ဖွဲနုဆီထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်း၊ စပါးခွံမှ လောင်စာတောင့် ထုတ်လုပ်ခြင်း၊ ဆန်မှုန့်/ ကောက်ညှင်းမှုန့် ထုတ်လုပ်ခြင်း၊
- ❖ ဆန်ခေါက်ဆွဲ/ဆန်ကြာဇံ ထုတ်လုပ်ခြင်း၊ တရိစ္ဆာန်အစာစပ်လုပ်ငန်းများတည်ထောင်ခြင်း

## ၄။ ဆန်စပါးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း

- ❖ အရည်အသွေးကောင်း အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်ခြင်း
- ❖ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် စပါးမျိုးများ ထုတ်လုပ်ခြင်း
- ❖ ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ သုတေသနဆောင်ရွက်ခြင်း
- ❖ စိုက်ပျိုးနည်းစနစ်နှင့် စပါးအခြေခံ သီးနှံပုံစံဆိုင်ရာ သုတေသနများ ဆောင်ရွက်ခြင်း
- ❖ ပိုးမွှားရောဂါ ကာကွယ်ခြင်းသုတေသနဆိုင်ရာများ ဆောင်ရွက်ခြင်း
- ❖ ဈေးကွက်ဆိုင်ရာ သုတေသနများဆောင်ရွက်ခြင်း

## ၅။ မူဝါဒ

- ❖ ဆန်စပါး ထုတ်လုပ်မှုကွင်းဆက်နှင့် တန်ဖိုးကွင်းဆက် လုပ်ငန်းစဉ်များ တည်ငြိမ်စေရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း

  (ဥပမာ - ရည်ညွှန်းဈေးနှုန်းသတ်မှတ်ခြင်း၊ သီးနှံအာမခံစနစ် ကျင့်သုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အဟန့်အတားများ ဖယ်ရှားခြင်း၊ ရင်းနှီးမြှုပ်နှံမှု အားပေးခြင်း၊ သိုလှောင်စဉ် ချေးငွေရရှိရေး ဆောင်ရွက်ခြင်း)

ကျေးဇူးတင်ပါသည်